ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ဝန်ကြီးရုံး
အမိန့်ကြော်ငြာစာအမှတ် ၂၈ / ၂၀၁၉
၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၈ ရက်
( ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၀ ရက် )

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၂။ ၂၀၁၉ ခုနှစ် ပြက္ခဒိန်နှစ်အတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးစက်ယန္တရားများနှင့် လုပ်ငန်းသုံးယန္တရားများအား အရောင်းပြခန်း (Show Room) များတွင် ရောင်းချရန် တင်သွင်းရာတွင် အောက်ဖော်ပြပါ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) ယန္တရားအရောင်းပြခန်း ဖွင့်လှစ်ရန်အတွက် မြန်မာနိုင်ငံသားမှဖြစ်စေ၊ မြန်မာနိုင်ငံသားနှင့် နိုင်ငံခြားသား ဖက်စပ်ဆောင်ရွက်ခြင်းဖြစ်စေ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ဝန်ဆောင်မှုကုမ္ပဏီအဖြစ် မှတ်ပုံတင်လက်မှတ်ရရှိထားသည့် ကုမ္ပဏီဖြစ်ရမည်ဖြစ်ပြီး၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ခြင်းနှင့် စီးပွားရေးအကျိုးဆောင်မှတ်ပုံတင်ခြင်း ဆောင်ရွက်ပြီးဖြစ်ရမည်။ ၎င်းကုမ္ပဏီသည် နိုင်ငံခြားရှိ ပင်ရင်းကုမ္ပဏီမှဖြစ်စေ၊ ဒေသဆိုင်ရာ (Regional Office) မှဖြစ်စေ၊ စက်ယန္တရားအသစ်များဖြန့်ဖြူးရောင်းချရန်အရောင်းကိုယ်စားလှယ် Distributorship ဖြင့် တရားဝင်ခန့်အပ်ခြင်း ခံရသူဖြစ်ရမည်။

( ခ ) ယန္တရားအရောင်းပြခန်း ဖွင့်လှစ်မည့်ကုမ္ပဏီသည် စီးပွားရေးအကျိုးဆောင် မှတ်ပုံတင်လက်မှတ် ရှိရမည်။

( ဂ ) ယန္တရားအရောင်းပြခန်း ဖွင့်လှစ်မည့် ကုမ္ပဏီသည် စီးပွားရေးအကျိုးဆောင် မှတ်ပုံတင်လက်မှတ် တစ်ခုဖြင့်သာ လုပ်ငန်းဆောင်ရွက်ခွင့်ပြုမည်။

(ဃ) ယန္တရားအရောင်းပြခန်း ဖွင့်လှစ်ဆောင်ရွက်မည့်ကုမ္ပဏီ၏ ဘဏ်စာရင်းတွင် အာမခံငွေ (Deposit) အဖြစ် မြန်မာကျပ်ငွေသိန်း (၁၅၀၀) အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုတွင် သီးခြားငွေစာရင်းဖွင့်လှစ်၍ ထည့်သွင်းသိမ်းဆည်းထားရမည်။

( င ) ယန္တရားများအား အရောင်းပြခန်း (Show Room) ဖွင့်လှစ်ပြီးဆောင်ရွက်ရသည့် ဝန်ဆောင်မှုသည် ပြည်တွင်းအခွန်များဦးစီးဌာန၏ ဥပဒေနှင့်အညီ သတ်မှတ်ထားသည့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရမည်။ ဝယ်သူအနေနှင့် ဝင်ငွေခွန်ဥပဒေပုဒ်မ - ၁၄

အရအသုံးပြုသည့် ငွေကြေးအပေါ်တွင် ဝင်ငွေရလမ်းတင်ပြနိုင်ခြင်းမရှိပါက စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေခွန်ခေါင်းစဉ်ဖြင့် ဝင်ငွေခွန် ပေးဆောင်ရမည်။

(စ) တင်သွင်းလာမည့် ယန္တရားများ၏ Model Year သည် ရောက်ရှိခုနှစ်မှ (၃) နှစ် အတွင်း အသုံးမပြုရသေးသော ယန္တရားဖြစ်ရမည်။

(ဆ) ယန္တရားအရောင်းပြခန်းတွင် ပြသရောင်းချမည့် ယန္တရားများကို တင်သွင်းရာတွင် အပ်ကုန် (Consignment Basic) စနစ်အပြင် LC (Letter of Credit) ငွေလွှဲစာတမ်း ဖြင့် ပေးချေသည့်စနစ် သို့မဟုတ် TT (Telegraphic Transfer) ကြေးနန်းငွေလွှဲပို့ နည်းစနစ်ဖြင့် တင်သွင်းနိုင်သည်။

(ဇ) ယန္တရားများကို တင်သွင်းရာတွင် တင်သွင်းခွင့်ပြုသည့် လိုင်စင်သက်တမ်းကာလ အတွင်း မြန်မာနိုင်ငံအရောက် တင်သွင်းရမည်။

(ဈ) ယန္တရားအရောင်းပြခန်းများတွင် ရောင်းချရန်အတွက် တင်သွင်းလိုသည့် ယန္တရား အရေအတွက်နှင့်စပ်လျဉ်း၍ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီမှ အခါအားလျော်စွာ ထုတ်ပြန်သတ်မှတ်သည့် အရေအတွက်အတိုင်းသာ တင်သွင်းရမည်။

(ည) တင်သွင်းလာသောယန္တရားများကို သတ်မှတ်ထားသော ယန္တရားအရောင်းပြခန်း တွင်သာ ထားရှိရမည်။ ယင်းအရောင်းပြခန်းတွင် ဝယ်သူအား ရောင်းချခြင်းမပြုမီ လမ်းများပေါ်တွင် မောင်းနှင်အသုံးပြုခြင်း လုံးဝမပြုလုပ်ရ။

(ဋ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ စည်ပင်သာယာရေးအဖွဲ့များထံမှ လုပ်ငန်းလုပ်ကိုင်ခွင့်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရမည်။

(ဌ) အရောင်းပြခန်း၏ လုပ်ငန်းဆောင်ရွက်မှုအပေါ်မူတည်၍ စက်ယန္တရားအမှတ်တံဆိပ် အား Brand တစ်မျိုးထက်ပိုမို၍ စီစစ်ဆောင်ရွက်ခွင့်ပြုမည်။

(ဍ) အရောင်းပြခန်းတွင် ရောင်းချရန်အတွက် ပြည်ပမှတင်သွင်းမည့် လုပ်ငန်းသုံးယန္တရား များအားယန္တရားအမျိုးအစားအလိုက် အရေအတွက်သတ်မှတ်စိစစ်၍ လျှောက်ထား ခွင့်ပြုမည်။

(ဎ) အရောင်းပြခန်းတွင်ရောက်ရှိလာသော လုပ်ငန်းသုံးယန္တရားများအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် အရောင်းပြခန်းဖွင့်လှစ်သူမှ တင်သွင်းခွင့် လိုင်စင်ရယူပြီးဖြစ်၍ ဝယ်ယူသူမှဝယ်ယူခွင့်ပါမစ်လျှောက်ထားရယူခြင်း၊ ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ခြင်းဆောင်ရွက်ရမည်။

(ဏ) တင်သွင်းလာမည့် လုပ်ငန်းသုံးယန္တရားများ၏ Vehicle Weight အား မြန်မာနိုင်ငံ၏ လမ်းတံတားများခံနိုင်ဝန် (တန်-၆၀) ထက်မပိုသော ယာဉ်များကိုသာ ခွင့်ပြုမည်။

(တ) ရောင်းချမည့်ကုမ္ပဏီအမည်၊ ရောင်းချသည့်စက်ယန္တရား အမှတ်တံဆိပ်အမျိုးအစား၊ ရောင်းချသည့်အရေအတွက်၊ အသုံးပြုမည့်လုပ်ငန်းတည်ရှိရာဒေသ၊ ရောင်းချမည့် ကုမ္ပဏီ၏ လုပ်ငန်းအမျိုးအစား (တူးဖော်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း) စသည့်ဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ နှစ်စဉ် (Annual Report) တင်ပြရမည်။

(ထ) ရန်ကုန်ဆိပ်ကမ်းမှ သိုလှောင်ရုံသို့လည်းကောင်း၊ သိုလှောင်ရုံမှ Show Room/ Sale Center နေရာသို့လည်းကောင်း၊ Show Room/ Sale Center တွင် ဝယ်ယူပြီး သက်ဆိုင်ရာ လုပ်ငန်းခွင်များသို့လည်းကောင်း ပြောင်းရွှေ့ရာတွင် လမ်းတံတားများ မပျက်စီးစေရန်အတွက် ချိန်းတပ်ယာဉ်များအား ဝန်တင်ယာဉ် (Transporter) ဖြင့်သာ တင်ဆောင်ပြောင်းရွှေ့ရမည်။

( ဒ ) ချိန်းတပ်ယန္တရားများနှင့် ၎င်းတို့ကို သယ်ယူပို့ဆောင်ဝန်တင်ယာဉ် (၂) မျိုးပေါင်း အလေးချိန်သည် မြန်မာနိုင်ငံ၏ လမ်းတံတားများခံနိုင်ဝန် (တန်- ၆၀) ထက် ကျော်လွန်ခြင်းမရှိရန်နှင့် ကျော်လွန်ပါက အပိုင်းလိုက်ဖြုတ်၍ ယာဉ်တစ်စီးစီနှင့် ခွဲခြားသယ်ဆောင်ရမည်။ (ဥပမာ- Backhoe မောင်းတံ၊ မြေကော်စသည်ဖြင့်)

( ဓ ) တင်သွင်းသည့် ယန္တရားအသစ်များအတွက် လိုအပ်သည့်အာမခံမှု၊ Spare Parts အပိုပစ္စည်းများရောင်းချနိုင်မှု၊ ရောင်းချပြီးနောက်ပိုင်းပြင်ဆင်မှုများ (After Sale Services) ကို ဆောင်ရွက်နိုင်မည့် အလုပ်ရုံကို တည်ထောင်ဆောင်ရွက်နိုင်သူဖြစ်ရ မည်။

( န ) ယန္တရားအရောင်းပြခန်းပြုလုပ်သည့် ကုမ္ပဏီအနေဖြင့် သတ်မှတ်မြေဧရိယာ အကျယ် အဝန်းမှာ တစ်နေရာတည်း (၃) ကေအောက် လျော့နည်းမှု ရှိနေသော်လည်း ယာဉ် ယန္တရားသိုလှောင်နေရာ၊ ယာဉ်ယန္တရားစက်ပြင်အလုပ်ရုံနှင့် ယာဉ်ယန္တရား အရောင်း ပြခန်းနေရာ (၃) ခုပေါင်းဧရိယာသည် (၃) ကေရှိပါက ဖွင့်လှစ်ခွင့်ပြုပါမည်။

( ပ ) စက်ယန္တရားများ ပြုပြင်ရန်လိုအပ်သော ပစ္စည်းအပြည့်အစုံပါသော ပြင်ဆင်ရေး လုပ်ငန်းဌာန Service Workshop မှာ အနည်းဆုံး (၅၀၀၀) စတုရန်းပေရှိရမည်။

( ဖ ) အရောင်းပြခန်းဖွင့်လှစ်သည့်နေရာသည် မြို့တွင်း (Down Town) ဧရိယာ၏ ပြင်ပ ဖြစ်ရမည်။

( ဗ ) အရောင်းပြခန်းတည်ရှိရာမြေသည် မိမိပိုင်မြေဖြစ်လျှင် ကုမ္ပဏီဒါရိုက်တာ တစ်ဦးဦး၏ အမည်ပါရှိသည့် မူရင်းဂရန် အထောက်အထားရှိရမည်။

(ဘ) အကယ်၍ မြေငှားဖြစ်လျှင် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တံဆိပ်ခေါင်းကပ် မှတ်ပုံတင်ထားသည့် အနည်းဆုံး (၃) နှစ်သက်တမ်းရှိ မြေငှားစာချုပ်မူရင်းအား အထောက်အထားအဖြစ် တင်ပြရမည်။

(မ) အရောင်းပြခန်းဖွင့်လှစ်မည့်နေရာနှင့် သိုလှောင်ရုံသတ်မှတ်ချက်သည် မော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ၏ အခါအား လျော်စွာထုတ်ပြန်သော စံနှုန်းသတ်မှတ်ချက်များအတိုင်းလိုက်နာ ဆောင်ရွက်ရမည်။

(ယ) ယန္တရားအရောင်းပြခန်းနှင့် သိုလှောင်ရုံနေရာသည် ယင်းအရောင်းပြခန်း ဖွင့်လှစ် မည့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုအတွင်း၌သာ တည်ရှိ ရမည်။

(ရ) ယန္တရားအရောင်းပြခန်း ဖွင့်လှစ်ခွင့်ရရှိသည့် ကုမ္ပဏီအနေဖြင့် ခွင့်ပြုထားသော ယန္တရား တင်သွင်းခွင့်လိုင်စင်ကို အခြားသူတစ်ဦးသို့ လွှဲပြောင်းရောင်းချခြင်းမပြုရ။

(လ) ယန္တရားအရောင်းပြခန်း ဖွင့်လှစ်သည့်ကုမ္ပဏီအနေဖြင့် အရောင်းပြခန်းတွင် (၃) နှစ် အတွင်းမရောင်းရသော ယန္တရားများကိုဖြစ်စေ၊ လုပ်ငန်းရပ်ဆိုင်း၍ ကျန်ရှိနေသော ယန္တရားများကိုဖြစ်စေ ဆိပ်ကမ်းရောက်ရှိပြီး (၃) နှစ်အတွင်း စာရင်းရှင်းလင်းခြင်း၊ မှတ်ပုံတင်ခြင်း အပြီးဆောင်ရွက်ရမည်။

(ဝ) အပ်ကုန် (Consignment) ဖြင့် တင်သွင်းခဲ့သည့် ယန္တရားများရောင်းချခြင်း၊ ငွေလွှဲခြင်း၊ လက်ကျန်စာရင်းရှင်းလင်းခြင်း၊ လုပ်ငန်းရပ်ဆိုင်း၍ သတ်မှတ်ထားသော စည်းကမ်း များနှင့်အညီ စာရင်းရှင်းလင်းခြင်းတို့ကို အပြီးသတ်ဆောင်ရွက်ပြီးပါက အပ်နှံထားသော အာမခံငွေ (Deposit) မြန်မာကျပ်ငွေသိန်း (၁၅၀၀) အားပြန်လည်ထုတ်ယူနိုင်သည်။

(သ) ယန္တရားအရောင်းပြခန်းတွင် ရောင်းချရန်တင်သွင်းခဲ့သည့် ယန္တရားများနှင့် စပ်လျဉ်း၍ ထားရှိရမည့်စာရွက်စာတမ်း၊ လယ်ဂျာစာရင်းစာအုပ် စသည်တို့ကို မော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီမှဖြစ်စေ၊ ယင်းကော်မတီမှ တာဝန်လွှဲအပ်သည့်အဖွဲ့အစည်းမှဖြစ်စေ ဝင်ရောက်စစ်ဆေးခြင်း ကို သက်ဆိုင်ရာလုပ်ငန်းရှင်မှ ခွင့်ပြုရမည်။

(ဟ) အရောင်းပြခန်းလက်မှတ်၊ စီးပွားရေးအကျိုးဆောင် မှတ်ပုံတင်လက်မှတ်တို့ကို အနည်းဆုံး သက်တမ်းမကုန်မီ (၁)လ ကြိုတင်၍ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထား ရမည်။

(ဠ) အထက်ပါစည်းကမ်းချက်များကို လိုက်နာခြင်းမရှိပါက စီးပွားရေးနှင့်ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုကော်မတီ ဆုံးဖြတ်ချက်ဖြင့် အရောင်းပြခန်း ဖွင့်လှစ်ခွင့်ရုတ်သိမ်းခြင်း၊ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင် ရပ်ဆိုင်းခြင်း အပါ အဝင် သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်မည်။

၃။ အထက်အပိုဒ် ၂ ပါ စည်းကမ်းချက်များအား လိုက်နာခြင်းမရှိပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော ဥပဒေစည်းမျဉ်းများအပြင် အခြားတည်ဆဲဥပဒေစည်းမျဉ်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်။

(ပုံ) ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ် ၊ စက - ၁၁/ ၂ - ၁၈/ ၂၀၁၉ ( ၅၇ )
ရက်စွဲ ၊ ၂၀၁၉ ခုနှစ် ၊ ဇွန်လ ၃၀ ရက်

ဖြန့်ဝေခြင်း
နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး
အတွင်းရေးမှူး ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
ဦးဆောင်ညွှန်ကြားရေးမှူး၊ } မြန်မာနိုင်ငံပြန်တမ်းတွင်
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း } ထည့်သွင်းကြေညာပေးပါရန်
မြန်မာ့မော်တော်ယာဉ်ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းရှင်များအသင်း

မြန်မာနိုင်ငံတရားဝင်အသိအမှတ်ပြုမော်တော်ယာဉ်ဖြန့်ဖြူးရောင်းချသူများအသင်း ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (ညီနောင်အသင်းများထံထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ

အောင်စိုး
အမြဲတမ်းအတွင်းဝန်